


ဟောကြားသူ၊
ဥက္ကဋ္ဌကြီး ဟင်နရီ ဘီ အိုင်းရင်း
ပထမ ဥက္ကဋ္ဌ အဖွဲ့၏ ပထမ အတိုင်ပင်ခံ

# မိသားစုနှင့်ထာဝရမိတ်ဆွေ

ဘယ် နေရာမှာ ပဲနေနေ သင့်မှာ ရှိတဲ့ ဧဝံဂေလိသတင်းကောင်းရဲ့ ပျော်ရွှင်ခြင်းမျိုးကို၊ လိုက်လာရှာဖွေနေကြတဲ့ မိတ်ဆွေဆိုတာအမြဲ ရှိနေပါယ်။

အဲဒီလို ပျော်ရွှင်ခြင်းမျိုးကို သူတို့တတွေ မဖေါ်ပြနိုင်ဖြစ်ပေမယ့်၊ သင့်ရဲ့ အသက်တာကို ကြည့်ခြင်းအားဖြင့် အဲဒီလိုပျော်ရွှင်ခြင်းများကို သူတို့တွေ့ပါတယ်။

သူတို့ရင်ဆိုင် နေရတဲ့ အခက်အခဲများကို သင်ကိုယ်တိုင်လည်းကြုံတွေ့နေတာကို ကြည့်ပြီး၊ သင့်ရဲ့ ပျော်ရွှင်ခြင်းအရင်းအမြစ်ကို သူတို့အထူးတလည်သိလိုကြပါလိမ့်မယ်။

ဘုရားသခင်ရဲ့ ပညတ်တော်တွေကို လိုက်လျှောက်ခြင်းအားဖြင့် ပျော်ရွှင်ခြင်းကို သင်ခံစားခဲ့ ရပါတယ်။

အဲဒီ ပျော်ရွှင်ခြင်းဟာ ဧဝံဂေလိတရားအတိုင်း အသက်ရှင်ကြတဲ့ သူတွေအတွက်ထားတဲ့ ဘုရားသခင် ရဲ့ ဂတိတော်ဖြစ်ပါတယ်။ (မိုဆိုင်းရ ၂း၄၁ ကိုကြည့်ပါ)

လူတွေကို ကြွားဖို့ ဘုရားသခင်ရဲ့ ပညတ်ချက်ကို လိုက်လျှောက်တာ မဟုတ်ပါဘူး၊ သို့သော် သင့်ရဲ့ပျော် ရွှင်ခြင်းကို သတိထားမိတဲ့ သူတွေကတော့ ပြည်လည်ပေးအပ်ထားတဲ့ ဧဝံဂေလိတရားကို မြည်းစမ်းဖို့ ရန် ဘုရားသခင် ပြင်ဆင်ထားတာဖြစ်ပါတယ်။

သင်ရရှိထားတဲ့ ကောင်းကြီးမင်္ဂလာဟာ အခွင့်ထူးတာဝန်ဝတ္တရားတွေနဲ့ ပြည့်နေပါတယ်။

ယေရှုခရစ်တော်နဲ့ ပဋိညာဉ်တည် ထားသူကျွန်တော်တို့ အနေနဲ့ သူတစ်ပါးအတွက်၊ အထူးတဖြင့် မိသားစုနဲ့ မိတ်ဆွေတွေအတွက် ဧဝံဂေလိတရားတော်က လာတဲ့ ပျော်ရွှင်ခြင်းကို ခံစားဖို့ ကြိုးစား အားထုတ်ရမှာ ဖြစ်တယ်။

သင့်ရဲ့ ရှေ့ရေးနဲ့ အခွင့်အလမ်းကို ဘုရားသခင် ကြိုသိနင့်ပြီးတော့ ပညတ်တော်အားဖြင့် တာဝန်ပေးထား ပါတယ်။ ( သတိပေးခြင်းကိုခံရသူများ ကိုယ်နှင့်စပ်ဆိုင်သူကို ထပ်ဆင့်သတိပေးရန်ဖြစ်သည်) ယုံကြည်ခံယူချက်ကျမ်း ၈၈း၈၁။

ဒီပညတ်ချက်ကို သင်လိုက်လျှောက်နိုင်ဖို့ ရန် ဘုရားသခင်ကနည်းလမ်းပြင်ဆင်ထားပါတယ်။ ဒါကတော့အသက်တာပြောင်းလဲပြီးယေရှုခရစ်တော်ရဲ့ ဧဝံဂေလိတရားတော်ကို နှလုံးသားထဲမှာ လက်ခံခြင်းဖြင့် ဖြစ်ပါတယ်။

အဲဒီလိုဆိုရင်ဖြင့် သူတစ်ပါးကိုချစ်တတ်လာပြီး၊ သင့်ကဲ့သို့ပဲ ပျော်ရွှင်ခြင်းကို သူတို့ ခံစားနိုင်ရန် စိတ်ပြင်းထန်လာပါလိမ့်မယ်။

အဲဒီလိုအသစ်တဖန်ပြောင်းလဲခြင်းရဲ့ အသီးတစ်ခုက၊ ဘုရားသခင်ရဲ့ သာသနာပြုတွေကို ကူ ညီဖို့ဖြစ်ပါတယ်။

စစ်မှန်တဲ့ပြောင်းလဲမှုကို ရထားသူတွေဟာ ပျောက်သောဝိညာဉ်လိုက်ရှာဖို့ အချိန်ပြည့်အမှုတော်ဆောင် များရဲ့ တောင်းခံချက်ကို ဝမ်းမြောက်ဝမ်းသာ တုံ့ပြန်ပါတယ်။

ပြောင်းလဲသူ အသင်းသားသစ်တွေက မိမိတို့ရဲ့ မိသားစု နဲ့မိတ်ဆွေများ မိမိတို့လိုပဲ ပျော်ရွှင် နိုင်ဖို့ အင်မတန် အလို ရှိပါတယ်။

သာသနာပြုများ (သို့မဟုတ်)၊ သင်းခွဲသာသနာပြုခေါင်းဆောင်များမှ ပျောက်သောဝိညာဉ် တစ်စုံတစ်ဦး ရှာရန်အကူအညီတောင်းခြင်းဟာ သင့်တွက် ဂုဏ်ယူစရာပါ။

သင့်မိတ်ဆွေတွေက သင့်ရဲ့ ပျော်ရွှင်ခြင်းကို သတိထားမိတယ်ဆိုတာကို သာသနာပြုတွေက သိသလို၊ သင့်မိတ်ဆွေများကို ဘုရားသခင်ပြင်ဆင်ထားတယ်ဆိုတာကိုလည်း သူတို့နားလည်ပါတယ်။

ထို့အပြင်၊ သင့်မိတ်ဆွေများ အသင်းဝင်သစ်များဖြစ်လာတဲ့အခါ၊ သူတို့အနားမှာ သင်အမြဲရှိနေမယ်ဆိုတာကို သာသနာပြုတွေသိထားပါတယ်။

သာသနာပြုတွေကို ကူညီလို့ သူငယ်ချင်းဆုံးရှုံးသွားမှာကို ကြောက်စရာမလိုပါဘူး။

ကျွန်တော့်မှာ လည်း သာသနာပြုတွေကို မလိုချင်ပေမယ့် သူတို့ပျော်ရွှင်ကြိုးစားတဲ့ အတွက်ကျွန်တော့် အပေါ်ကျေးဇူးတင်ကြတဲ့ သူငယ်ချင်းတွေရှိပါတယ်။

သင့်အသက်တာမှာ သူတို့မြင်တွေ့ထားတဲ့ ပျော်ရွှင်ခြင်းရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဧဝံဂေလိတရားကို ဝေမျှခြင်းဖြင့် သူတို့နဲ့အတူ ထာဝရမိတ်ဆွေဖြစ်လို့ရပါတယ်။

ပျော်ရွှင်ခြင်းအကြံစည်တော်ကို လိုက်လျှောက်ရန်၎ါ မိတ်ဆွေနဲ့ မိသားစုဝင်များကို ဖိတ်ခေါ်ဖို့ အခွင့် အရေးကို ဘယ်တော့မှ လက်လွှတ်မခံပါနဲ့။

အသင်းတော်ရဲ့ ဗိမ္မာန်တော်ကလွဲရင်၊ ဧဝံဂေလိကို လက်ခံဖို့ရန် ဖိတ်ခေါ်ခြင်းထက် မြတ်တဲ့ အခွင့် အရေးမရှိပါဘူး။

ဗိမ္မာန်တော်ထဲမှာတော့ ကွယ်လွန်သွားပြီးဖြစ်တဲ့ ဘိုးဘွားဘီဘင်များအတွက် ကယ်တင်ခြင်းနဲ့ စပ်ဆိုင်တဲ့မင်္ဂလာတရားတွေကို ပြုလုပ်နိုင်ပါတယ်။

ကောင်းကင်ထက်ကနေ မျော်လင့်ခြင်း အပြည့်နှင့်သင့်ကို ကြည့်ရှုနေပါတယ်။

သူတို့တွေ နိုင်ငံတော်မှာဝင်စားခွင့်ရှိမယ် လို့ ဂတိထားပါတယ် (ယုံကြည်ခံယူချက် ကျမ်း ၁၃၇း၇-၈)၊ ထို့ပြင် သူတို့ကို ချစ်နိုင်ဖို့ကို လည်း သင့်ကို ကောင်းကြီးပေးထားပါတယ်။

ဗိမ္မာန်တော်မှာ ကိုယ်းစားပြုအမှုဆောင်တဲ့အခါ ခံစားရတဲ့ပျော်ရွှင်ခြင်း မျိုးကို၊ ပျောက်သောဝိညာဉ် များရဲ့ နာမည်ကို သာသနာပြုတွေကိုပေးတဲ့ အခါမှာ လည်း သင်တို့ခံစားခဲ့ဖူးပါတယ်။

မိမိရဲ့ မျိုးရိုးအတွက် ဗိမ္မာန်တော်မှာ မင်္ဂလာတရားကို သွားပြုတဲ့အခါ မှာ ဆိုရင် သာလွန်တဲ့ပျော်ရွှင်ခြင်း မျိုးကိုလည်း ခံစားရပါတယ်။

ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင်များအတွက် ဗိမ္မာန်တော်မှာ ကိုယ်စားပြုအမှုပြုသာ၊ ကျွန်တော်တို့ထာ ဝရတိုင်ပျော်ရွှင်နိုင်မယ်လို့ ဂျိုးဇက်စမစ် ထံကို ဘုရားသခင် မိန့်ထားပါတယ်။ (ယုံကြည်ခံယူချက် ကျမ်း ၁၂၈း ၁၈ ကို ကြည့်ပါ။)

ခရစ္စမတ်ချိန်မှာဆိုရင် ကျွန်တော်တို့ရဲ့နှလုံးသားများဟာ ကယ်တင်ရှင် နဲ့ ဧဝံဂေလိတရားရဲ့ ပျော်ရွှင်ခြင်းကို တွေးတောဆင်ခြင်မိပါတယ်။

သူတစ်ပါး ဧဝံဂေလိကောင်းကြီးခံစားဖို့ရန် ဝေငှတဲ့အခါ၊ ဘုရားသခင်ကို ကျေးဇူးတင်ကြောင်းပြသခြင်း ဖြစ်ပါတယ်။

သာသနာပြုများအတွက် ပျောက်သောဝိညာဉ်များရဲ့ နာမည်ကို ပေးတဲ့ခါ၊ ဘိုးဘွားများရဲ့ အမည်များကို ဗိမ္မာန်တော်ကို ဆောင်ယူတဲ့အခါ ကျွန်တော်တို့ ဟာ အင်မတန်ပျော်ရွှင်လာပါတယ်။

အဲဒီလိုအားဖြင့် မိတ်ဆွေ နဲ့ မိသားစုဝင်များကို ထာဝရတိုင် ပိုင်ဆိုင်ခွင့်ရပါတယ်။

---

**ဤသတင်းစကားမှ သင်ကြားရယူချက်**

သူတစ်ပါးကို ဧဝံဂေလိဝေငှခြင်းအားဖြင့် ကျေးဇူးတော်ချီးမွမ်းရာရောက်တယ်လို့ ဥက္ကဌ အိုင်းရင်းက ဆိုထားပါတယ်။

သင်ကိုယ်တိုင် သင်ကြားပို့ချသူများနဲ့ မိမိတို့ခံစားရတဲ့ ကောင်းကြီး မင်္ဂလာများကို ဆွေးနွေးပါ။

သင်တန်းသူ/သားများကို ဆုတောင်းခြင်းဖြင့် ဧဝံဂေလိ ဝေငှလို့ရမယ့် မိတ်ဆွေများကို ရွေးချယ်ပြီး၊ ဘယ်လို ဝေငှမယ်ဆိုတာကို စဉ်းစားရန် တိုက်တွန်းပါ။

## ကလေးများကဏ္ဍ

### သင့်ရဲ့ သက်သေခံချက်

ဒီ နှစ်ခရစ်စ္စမတ်မှာ ဧဝံဂေလိကောင်းကြီးကို မာမွန်ကျမ်းမှာ သက်သေခံချက်ရေးပြီး မိတ်ဆွေများကို ပေးခြင်းဖြင့်ဝေငှနိုင်ပါတယ်။ အဲဒီလို ပြုနိုင်ဖို့ရန် အောက်ဖော်ပြပါအချက်များကို လိုက်လျောက်ပါ။

၁။ စာရွက် တစ်ခုပေါ်မှာ၊ (၄ ၁/၂ x ၆ ၁/၂ လက်မ) သို့ (၁၁ ၁/၂ x ၁၆ ၁/၂ စင်တီမီတာ) ကို တိုင်းတာပြီး ဖြတ်ပါ။

၂။ စာရွက် ရဲ့ အထက်မှာ ဓာတ်ပုံဖြစ်စေ၊ ပန်းချီဖြစ်စေ သင့်ပုံကိုကပ်ထားပါ။

၃။ သင့်ပုံရဲ့ အောက်မှာ သင့်ရဲ့ သက်သေခံချက်ကို ရေးပါ။

၄။ အဲဒီစာရွက် ကို မာမွန်ကျမ်းထဲမှာ ကပ်ထားပါ။

## လူငယ်ကဏ္ဍ

### မော်မွန်ကျမ်းကိုဝေငှလို့ရမလား

စာရေးဆရာ ဂျော့ အာနက်

ကျွန် တော့်ရဲ့ အထက်တန်း ကျောင်းပထမနှစ်မှာ၊ ဥပဒ်ကျောင်း ဆရာမက အသင်းဝင်မဟုတ်ကြတဲ့ သူငယ်ချင်းများနဲ့ မော်မွန်ကျမ်းကို ဝေငှရန် တိုက်တွန်းခဲ့ပါတယ်။

အဲဒီလိုလုပ်ရမှာ ကို မရဲခဲ့ပေမယ့် လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီလိုလုပ်ဖို့ နှစ်ရက်ကြာလောက် သတ္တိ မွေးခဲ့ရပါတယ်၊ နောက်ဆုံးမှာတော့ နေ့လည်စာစားချိန်မှာ ကျွန်တော့်ရဲ့ သူငယ်ချင်း ဘရက်နီကို မော်မွန်ကျမ်းစာအုပ်နဲ့ သက်သေခံချက်ကို ဝေငှခဲ့ပါတယ်။

ကျေးဇူးတင်တယ်လို့ ဘရက်နီက ပြန်ပြောပါတယ်။

အဲဒီ ပညာသင်နှစ်အဆုံးမှာတော့ ဘရက်နီ အိမ်ပြောင်းသွားခဲ့ပါတယ်၊ သို့ သော် အမြဲဆက်သွယ် ဖြစ် ခဲ့ ပါတယ်။

သူမ ရဲ့ကျောင်းသစ်မှာ တော့ အသင်းသူအသင်းသားများစွာရှိတဲ့ အကြောင်းကို ကျွန်တော့်ကို ပြောပါတယ်၊ သို့သော် ဝိညာဉ်ရေးရာ အကြောင်းကို တော့ သူမ တစ်ခါမှ ကျွန်တော်နဲ့ မဆွေးနွေးခဲ့ပါဘူး။

ကျွန်တော် သာသနာပြုခရီး မထွက်ခင်မှာ တော့ ထူးခြားလာပါတယ်။

ဘရက်နီထံကနေ သတင်းကြားရပါတယ်။ နှင့်ကို ပြောစရာ သတင်း ထူးရှိတယ်၊ ငါနှစ်ခြင်းခံတော့မယ်၊ ငါ့တွက်ပုံဥပမာကောင်းပြသတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်လို့ လည်းသူမ ဆိုခဲ့ပါတယ်။

ဘုရားသခင်က အသက် ၁၅ နှစ်သာရှိသေးတဲ့ ရှက်တတ်တဲ့ ကျွန်တော့်ကို သာသနာအတွေ့အကြုံမရှိ ပေမယ့် သူကိုယ်တိုင်လမ်းညွှန်ပြီး သတင်းကောင်းကို လက်ခံနိုင်မယ့်သူနဲ့ တွေ့ခွင့်ပေးပါတယ်။

သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ ဖေါ်ပြမှုကို နာခံခြင်းဖြင့်၊ အသစ်တဖန် ပေးထားသော ဧဝံဂေလိကို တောင့်တနေတဲ့ သူများနဲ့ တွေ့ဆုံခွင့်ပေးမှာ ဖြစ်ပါတယ်။

ပျောက်သော ဝိညာဉ်တစ်ပါးကို သာ ဆောင်ယူခဲ့မယ်ဆိုရင် "သူတို့ အတူ အဖဘုရားသခင် ၏ နိုင်ငံတော်၌ ခံစားရမည့် ဝမ်းမြောက်ခြင်းကြီးမားလှပေ၏" (ယုံကြည်ခံယူချက်ကျမ်း ၁၈း၁၅)။

*စာရေးဆရာ၏ နေရပ်မှာ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဖြစ်ပါသည်။*

© 2003 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။
ဘာသာပြန်ခွင့်ပြုချက် 6/13။ *First Presidency Message, December 2013 အား ဘာသာပြန်ဆိုခြင်း*။ Burmese 10672 256

# တစ်ပါးတည်းသောသားတော် ယေရှုခရစ်တော်၏သာသနာတော်

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု

ဤ သင်ရိုးညွှန်းတမ်းများကို ဆုတောင်းခြင်းဖြင့်လေ့လာကာ ဘယ်အရာပို့ချ ဝေငှရမည်ကို သိထားသင့်သည်။ ကယ်တင်ရှင်၏ သာသနာ နှင့်သက်တော်စင်ကို နားလည်ခြင်းဖြင့် သူ့၌ ယုံကြည်ခြင်းတိုးပွါးပြီး၊ သင့်မိသာဟာပြုသော မိသားစုများတွက်မည်သို့ ကောင်းကြီးဖြစ်စေနိုင်မည်နည်း။

မိသာဟာရပြု သတင်းစကားကဏ္ဍတွင် ကယ်တင်ရှင်သာသနာကို အဓိကထား ဖေါ်ပြထားပါသည်။

ကျွန်တော်တို့ရဲ့ ကယ်တင်ရှင် ယေရှုခရစ်တော်ကို တစ်ပါးတည်းသောသားတော်ဟုခေါ်ဆိုရခြင်းမှာ၊ သူတစ်ဦးသာလျင် ဤလောက၌ ကောင်းကင်ဘုံအဖ၊ လောကီမိခင်မှ မွေးဖွါးပြီး ဘုရားနှင့်လူ ပေါင်းစပ်ထားခြင်းကြောင့်ဖြစ်သည်။

သူ၏ဖခင် ဘုရားထံမှ တန်းခိုးကိုခံယူကာ၊ မိခင် မာရိအားဖြင့် လောကီ စာလောင်မှု၊ ငတ်ပြတ်မှု၊ ပင်ပန်းမှု၊ နာကျင်မှု နှင့်အတူ သေခြင်းကို ခံယူခဲ့ပါသည်။[၁]

ယေရှုခရစ်တော်ဟာ တစ်ပါးတည်းသောသားတော်ဖြစ်သောကြောင့် မိမိအသက်ကို စွန့်၍ ပြန်ယူနိုင်သော တန်ခိုးရှိခဲ့ပါသည်။

ကျမ်းစာဆိုသည်မှာ "ခရစ်တော်၏ပေးဆပ်ကယ်တင်ခြင်းကြောင့် ရှင်ပြန်ထမြောက်သောအခွင့်ကို ငါတို့ ရကြပြီ" ယာကုပ် ၄း၁၁။ "ယုံကြည်ခြင်းဖြင့် လူသားအားလုံး ထာဝရအသက်ရရန်အလို့ငှါ" ဟူ၍ လည်းဖေါ်ပြထားပါသည်။ (ယုံကြည်ခံယူချက်ကျမ်း ၂၉း၄၃)။

အဘယ်ကြောင့် ယေရှုသည် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်ဖြစ်ရသည်ကို ပို၍ နားလည်လာသည်နှင့် အမျှ ယုံကြည်ခြင်း တိုးလာပါမည်။

တမန်တော်တစ်ဆယ့်နှစ်ပါးအဖွဲ့ဝင် ညီအစ်ကိုကြီး ဒီ တော့ ခရစ်တိုဖာဆန်က ယေရှုခရစ်တော်၌ ယုံကြည်ခြင်းဆိုသည်မှာ (၁) ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်ကြောင်း ယုံကြည်ခြင်း (၂) သူ၏ အဆုံးစမဲ့ပေးဆပ်ခြင်းကို ယုံကြည်ခြင်း (၃) တကယ်ပင်ထမြောက်ကြောင်းကိုယုံကြည်ခြင်း) ဆိုခဲ့ပါသည်။[၂] ယေရှုခရစ်တော်ဟာ ဘုရားသခင်ရဲ့ တစ်ပါးတည်းသောသားတော်ဖြစ်ပြီး၊ လောကရဲ့ ကယ်တင်ရှင်ဖြစ်ကြောင်းကိုလည်း ယနေ့ပုရောဖက်များက သက်သေခံထားပါတယ်။[၃]

### ကျမ်းစာများမှ

ရှင်ယောဟန် ၃း၁၆၊ ယုံကြည်ခံယူချက်ကျမ်း ၂၀း ၂၁၊ မောရှေကျမ်း ၅း၆-၉

### ကျွန်တော်တို့ ၏ သမိုင်းများ

ဓမ္မသစ်ကျမ်းအား ကြည့်ခြင်းဖြင့် များစွာသော အမျိုးသမီးများ၏ ယေရှုခရစ်တော်၌ ယုံကြည်ခြင်း၊ သွန်သင်ချက်များကိုလိုက်လျှောက်ခြင်းနှင့်၊ သာသာနာတော်ကို သက်သေခံခြင်းနှင့်၊ သူပြုသော အံ့ဘွယ်အရာများနှင့်၊ သူ၏ဘုရားဖြစ်ခြင်းများကို သက်သေခံခြင်းများစွာကို တွေ့ရပါသည်။

ဤအမျိုးသမီးများသည် ကယ်တင်ခြင်းအတွက် အထူးအရေးပါသော ပုံဥပမာများဖြစ်ကြပါသည်။

ဥပမာအားဖြင့်၊ မာသ ဆိုသော အမျိုးသမီးက ကယ်တင်ရှင်၏ ဘုရားဖြစ်ခြင်းကို ဤသို့သက်သေ ခံထားပါသည် "သင်သည် ထိုကြွလာမည့်ဘုရားသား၊ ခရစ်တော် ဖြစ်ကြောင်းကို ကျွန်မယုံကြည်ပါသည်" (ရှင်ယောဟန် ၁၁း၂၇)။

ကယ်တင်ရှင်၏ ထူးမြတ်သော ဘုရားဖြစ်ခြင်းကို စသိခဲ့ရသူတွေများမှာ မိခင်မာရိနဲ့သူမ၏ ဝမ်းကွဲညီမ အယ်လီဇဘက်တို့ဖြစ်ပါသည်။

ကောင်တမန် ဂါဗြေလသည် မာရိထံသို့ကြွလာပြီး နောက်၊ အယ်လီဇဘက်ထံသို့ပြန်ကြွလာပါသည်။

မာရိ၏ နှတ်ခွန်းဆက်သံကို ကြားသောအခါ၊ အယ်လီဇဘက်မှာ "သန့်ရှင်းသောဝိညာဉ်တော်ကို ခံစားခဲ့ရပြီး" (ရှင်လုကာ ၁း၄၁) မာရိသည် ဘုရားသားတော်၏ မိခင်ဖြစ်သည်ဟု သက်သေခံခဲ့သည်။

### မှတ်ချက်

၁။ ဇေံဂေလိ အခြေခံတရားများ (၂၀၀၉)၊ စမျက်နှာ ၅၂-၅၃ ကို ကြည့်ပါ။

၂။ ဒီ တော့ ခရစ်တိုဖာဆန်၊ (ခရစ်တော်၌ ယုံကြည်ခြင်းတည်ဆောက်ခြင်း)၊ လိုင်ယာဟောနား ၊ စက်တင်ဘာ ၂၀၁၂၊ ၁၃။

၃။ (အသက်ရှင်တော်မှသော ခရစ်တော်၊ တမန်တော်များ၏ သက်သေခံချက်)၊ လိုင်ယာဟောနား ၊ ဧပြီလ ၂၀၀၂၊ ၂-၃။

ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။

၁။ ယေရှုခရစ်တော်အရေးပါပုံကို သိရန်အဘယ်ကြောင့်အရေးကြီးသနည်း။

၂။ ခရစ်တော်နှင့် ဂတိထားခြင်းသည် ကျွန်တော်တို့၏ယုံကြည်ခြင်းကို မည်သို့တိုးပွါးစေနိုင်သနည်း။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။
ဘာသာပြန်ခွင့်ပြုချက် 6/13။ *Visiting Teaching Message, December 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10672 256